# ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး

# ၁၉ ရက်မြောက်နေ့အစီအစဉ်

# [ ၁–၈–၂၀၁၂ ] (ဗုဒ္ဓဟူးနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးစိုးစိုး၊ ထီးချိုင့် မဲဆန္ဒနယ်၏ **လွတ်ငြိမ်းချမ်းသာခွင့်ပေးပြီးဖြစ်သော အရပ်ဝန်ထမ်းများ၏ တရားဝင်ခံစားခွင့်ရှိသည့် ပင်စင်နှင့် စုငွေများကို ခံစားခွင့်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း။

( ခ ) ဦးမြင့်စိုး၊ ပျော်ဘွယ် မဲဆန္ဒနယ်၏ **ချေးငွေအပေါ်စာချုပ် ချုပ်ရာတွင် တံဆိပ်ခေါင်းခွန်ဖိုး ငွေပေးနေရခြင်းအား မြန်မာနိုင်ငံတစ်ဝှမ်းလုံး တွင် ကင်းလွတ်ခွင့်ပြုနိုင်/မပြုနိုင်** နှင့်စပ်လျဉ်းသည့် မေးခွန်း။

( ဂ ) ဦးအောင်ဆန်း၊ ပန်းဘဲတန်း မဲဆန္ဒနယ်၏ **၂၇ ကြိမ်မြောက် အရှေ့တောင် အာရှအားကစားပွဲတွင် မြန်မာ့ရိုးရာအားကစားနည်းများ ထည့်သွင်း ကျင်းပရန် အစီအစဉ်ရှိ/မရှိ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အားကစားပြိုင်ပွဲကို ယခုဘဏ္ဍာရေးနှစ်တွင် ထည့်သွင်း ကျင်းပရန် အစီအစဉ်ရှိ/မရှိနှင့် ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်ပေါင်းစုံ အားကစားပြိုင်ပွဲများကို ယခုနှစ် ပွင့်လင်းရာသီမှစ၍ ဆောင်ရွက် စေရန် အစီအစဉ်ရှိ/မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

၆။ ဦးသိန်းညွန့်၊ သဃ်န်းကျွန်း မဲဆန္ဒနယ်၏ **“ မကြာခင်က ဖြစ်ပေါ်ခဲ့သော ရန်ကုန်တိုင်းဒေသကြီးရှိ စက်ရုံ၊အလုပ်ရုံတစ်ချို့အပါအဝင် အလုပ်သမားများ၏ လုပ်ငန်းခွင်ဆိုင်ရာ ဆန္ဒဖော်ထုတ်မှုများနှင့် ပတ်သက်၍ ဖြစ်ပွားရသော လက်ငင်းအကြောင်းရင်းနှင့် အရင်းခံအကြောင်းရင်းများကို လေ့လာပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို မထိခိုက်စေဘဲ အဖြေရှာနိုင်ရန်အတွက် အများကြည်ညို လေးစားပြီး ယုံကြည်လောက်သော ပုဂ္ဂိုလ်များ ပါဝင်သည့် အလုပ်သမား ဆန္ဒဖော်ထုတ်မှုများနှင့် ပတ်သက်သော စုံစမ်းရေး ကော်မရှင်တစ်ရပ် ဖွဲ့စည်းရန် ပြည်ထောင်စုအစိုးရအား ဤလွှတ်တော်မှ တိုက်တွန်းကြောင်း ”** အဆိုကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးမြင့်သိန်း၊ မကွေး မဲဆန္ဒနယ်။

(ခ) ဦးခိုင်မောင်ရည်(ခ)ခင်မောင်ရည်၊ အလုံ မဲဆန္ဒနယ်။

(ဂ) ဦးအောင်သိန်းလင်း၊ တောင်ဥက္ကလာပ မဲဆန္ဒနယ်။

၇။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၈။ ဒေါက်တာချမ်းငြိမ်း၊ ကန့်ဘလူ မဲဆန္ဒနယ်က **“မြန်မာနိုင်ငံတိုင်းရင်းသားများ၏ သမိုင်း၊ ယဉ်ကျေးမှု၊ စာပေ၊ ဓလေ့ ထုံးတမ်းများနှင့် ပတ်သက်၍ မှတ်တမ်းစွယ်စုံကျမ်း ပြုစုထားရှိရေး ”** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ်ရယူခြင်း။

၉။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၁၀။ အမျိုးသားလွှတ်တော်က အတည်ပြုချက်ဖြင့်ပေးပို့သော **"တိုင်းရင်းဆေးကောင်စီဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း။

၁၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး ၁၉ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့်အစည်းအဝေး ၂၀ ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။